# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 16, 2020 Volume 33, Number 12


| ၁၆.၇.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၀၈ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၄၀၅၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၈၀/- ကျပ် |
| CBM Rate | = ၁၃၇၈.၉ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၇၁.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၈၉.၉၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၂၉.၈ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၈၈.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၆၃.၀၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၇.၀၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၃၂၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၄၈ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၂.၈၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၅၄၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀

ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ဒုတိယအကြိမ် စီမံကိန်းကြီးကြပ်မှုကော်မတီ (PSC) ၏ Google meet အစည်းအဝေး သို့ ဒုတိယဝန်ကြီးတက်ရောက်



ဆွစ်ဇာလန်နိုင်ငံအစိုးရ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းများ၏ နည်းပညာအကူအညီနှင့် ရှမ်းပြည်နယ်၊ တောင်ပိုင်းတွင် အကောင်အထည်ဖော်လျက်ရှိသော သစ်သီးဝလံထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ရေးနှင့် တာဝန်ယူမှုရှိသော ခရီးသွား လုပ်ငန်းတို့အကြား ချိတ်ဆက်လုပ်ကိုင်မှု ဖွံ့ဖြိုးရေးစီမံကိန်း၏ ဒုတိယအကြိမ် စီမံကိန်း ကြီးကြပ်မှုကော်မတီ (Project Steering Committee–PSC) Google meet အစည်း အဝေးကို ၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင်ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးဦးဆောင်၍ ဒုတိယ အမြဲတမ်း အတွင်းဝန်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်တို့က နေပြည်တော်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၌ တက်ရောက်ကြခဲ့ကြပြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွှန့်လွင်က ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ PSC အဖွဲ့ဝင်များနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်စုစုပေါင်း (၃၂)ဦးတို့က သက်ဆိုင်ရာနေရာဒေသ နိုင်ငံအသီးသီးတို့မှ တက်ရောက်ခဲ့ကြသည်။

စီမံကိန်းအုပ်ချုပ်မှုစနစ်မှာ စီမံကိန်းနယ်မြေဒေသ ပြည်နယ်အဆင့်တွင် Working Level ဌာနဆိုင်ရာအရာထမ်းများနှင့်အသင်းအဖွဲ့များပါဝင်သော စီမံခန့်ခွဲမှုဘုတ်အဖွဲ့ (Project Management Board–PMB) ကိုဖွဲ့စည်းကာ စီမံကိန်းအကောင်အထည်ဖော်မှုလုပ်ငန်းများကို နည်းပညာပိုင်းကြီးကြပ်လမ်းညွှန်မှုပေးသည်။ ပြည်ထောင်စုအဆင့်တွင် စီမံကိန်း ကြီးကြပ်မှုကော်မတီ (Project Steering Committee–PSC) ဖြင့် မူဝါဒပိုင်းဆိုင်ရာ ကြီးကြပ်လမ်းညွှန်မှုပြုသည်။ ဂျီနီဗာအခြေစိုက် မြန်မာနိုင်ငံ

ကိုယ်စားလှယ်အဖွဲ့ပါဝင်သော ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှုဘုတ်အဖွဲ့ (Global Management Board-GMB)က စီမံကိန်းလုပ်ငန်းများနှင့် ရန်ပုံငွေ အတည်ပြုခြင်းများဆောင်ရွက်သည်။

စီမံကိန်းအကောင်အထည်ဖော်မှုများအပေါ် လိုအပ်သောမူဝါဒပိုင်းဆိုင်ရာများ ကြီးကြပ်လမ်းညွှန်မှုပြုရန် စီမံကိန်းကြီးကြပ်မှုကော်မတီ (PSC) အစည်းအဝေးများကို ခြောက်လတစ်ကြိမ်ကျင်းပသည်။ စီမံကိန်း မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ITC, UNIDO နှင့် UNCTADတို့က ကမ္ဘာတစ်ဝှမ်းဖြစ်ပေါ်ခဲ့သော Covid-19 ကပ်ရောဂါကြောင့် ယင်းတို့၏ စီမံကိန်းအကောင်အထည်ဖော်မှုလုပ်ငန်းများအပေါ်သက်ရောက်မှု၊ လျော့ပါးသက်သာစေရန် စီမံဆောင်ရွက်နေမှု၊ New Normal နှင့်လိုက်လျောညီထွေဖြစ်စေရန် လုပ်ငန်းစဉ်အချို့ပြုပြင်ပြောင်းလဲမှုများနှင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုတို့ကို တင်ပြကြသည်။

တစ်ကမ္ဘာလုံးအနေဖြင့် ကိုဗစ်ကြောင့် အထိခိုက်ဆုံးဖြစ်ခဲ့သည့်ကဏ္ဍမှာ ခရီးသွားလုပ်ငန်း ကဏ္ဍဖြစ်ပြီး ITC အနေနှင့် Study tour အချို့ကို အချိန်ရွှေ့ဆိုင်းလိုက်ရသော်လည်း ရှမ်းပြည်နယ်တောင်ပိုင်းဒေသတွင် လူသိနည်းသော ခရီးစဉ်သစ်ဒေသများဖော်ထုတ်၍ Culture & Heritage tour, Walking Villages, Agri-tourismနှင့် Mountain-Tourism တို့အတွက် မြို့နှင့်ကျေးရွာများရွေးချယ်ပေးခြင်း၊ သင်တန်းအချို့ကို အွန်လိုင်းမှ ပို့ချပေးခြင်းတို့ကိုဆောင်ရွက်ပေးနိုင်ခဲ့သည်။

စီမံကိန်းကပံ့ပိုးပေးရန် ရွေးချယ်ထားသည့် လက်ဖက်၊ ဂျင်းနှင့်ထောပတ်သီးတို့၏ တန်ဖိုးကွင်းဆက်လုပ်ငန်းစဉ်များတွင် အရည်အသွေးကောင်းများထိန်းသိမ်းထားနိုင်ရေး၊ နိုင်ငံတကာဈေးကွက်မိ အရည်အသွေးများစံချိန်စံညွှန်းရှိစေရေး၊ နိုင်ငံတကာGAP လက်မှတ်ရရှိစေရေး၊ ပြည်တွင်းဓာတ်ခွဲခန်းများတွင် အရည်အသွေးစစ်ဆေးနိုင်စေရန် UNIDO အဖွဲ့က စားသုံးသူရေးရာဦးစီးဌာန၏ CTQM ဓာတ်ခွဲခန်း၊ တောင်ကြီးမြို့ရှိ စိုက်ပျိုးရေးဦးစီးဌာန၏ ဓာတ်ခွဲခန်းနှင့်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ဓာတ်ခွဲခန်းတို့ကို ဓာတ်ခွဲခန်းသုံးပစ္စည်းများနှင့်ဓာတုဆေးရည်များဝယ်ယူပံ့ပိုးပေးခဲ့သည်။ စီမံကိန်းပြီးဆုံးမည့်ကာလ ၂၀၂၂ခုနှစ်၊ ဇူလိုင်လနောက်ပိုင်းလည်း ပြည်နယ်ဒေသအဖွဲ့အစည်းများက ဆက်လက်လက်ဆင့်ကမ်းဆောင်ရွက်သွားမည်ဖြစ်ရာတွင် အရည်အသွေးပိုမိုကောင်းမွန်သော လက်ဖက်၊ ဂျင်းနှင့်ထောပတ်သီးတို့ကို ပြည်ပသို့ပိုမိုတိုးမြှင့်တင်ပို့နိုင်တော့မည်ဖြစ်သည်။

ဒုတိယအကြိမ် စီမံကိန်း ကြီးကြပ်မှုကော်မတီ (PSC)၏ Google meet အစည်းအဝေး တွင် ဒုတိယဝန်ကြီးဦးအောင်ထူးနှင့် မြန်မာနိုင်ငံဆိုင်ရာဆွစ်ဇာလန်နိုင်ငံ ဒုတိယသံအမတ်ကြီး Mr. Giacomo Solari တို့က နိဂုံးချုပ်အမှာစကားပြောကြားပြီးနောက် ညနေ ၁၇:၀၀ အချိန်တွင် Google meet အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**Source: Myantrade (NES)**

## တရုတ်အစိုးရ အထောက်အပံ့ဖြင့် ကျင်စန်းကျော့ဂိတ် တိုးချဲ့ရန်အဆိုပြုထား



တရုတ်က ကူညီမည့် ယွမ် ၄ ဘီလီယံဖြင့် မြန်မာ-တရုတ် နယ်စပ်ရှိ ကျင်စန်းကျော့ဂိတ် တိုးချဲ့ရန်အဆိုပြုထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ဧရာဝတီကိုပြောသည်။ "ဒီထောက်ပံ့ငွေက ဝန်ကြီးဌာနကို တိုက်ရိုက်ချပေးတာတော့ မဟုတ်ပါဘူး။ တရုတ်- မြန်မာ စီးပွားရေး စင်္ကြန်နဲ့ဆက်စပ်ပြီး တရုတ်ဘက်ကပေးတဲ့ ငွေကြေးအထောက်အပံ့အဖြစ် နိုင်ငံတော်ကို ပေးတာပါ။ ဒါကို စီမံဘဏ္ဍာဝန်ကြီးဌာနကတဆင့် စီးပွားရေးစင်္ကြန်နဲ့ဆက်စပ်တဲ့ ဝန်ကြီးဌာနတွေကို အဆိုပြုလွှာတွေတင်ကြဖို့ စီမံဆောင်ရွက်ခြင်းဖြစ်ပါတယ်" ဟု ၎င်းကရှင်းပြသည်။

တရုတ်-မြန်မာ စီးပွားရေးစင်္ကြန်စီမံကိန်းတွင် ပါဝင်မည့် နှစ်နိုင်ငံကုန်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေး၊ သယ်ယူပို့ဆောင်ရေး စသည့်ကဏ္ဍများကို အထောက်အပံ့ပြုနိုင်မည့် ဆောင်ရွက်ချက်များအတွက် မြန်မာအစိုးရအား ယွမ် ၄ ဘီလီယံ (ကျပ် ဘီလီယံ ၇၈၀ ကျော်) ဂရန့်အဖြစ်ပေးထားကြောင်း စီးပွား/ကူးသန်းမှ ဒုဝန်ကြီးဦးအောင်ထူးက ပြီးခဲ့သည့်လက ပြုလုပ်ခဲ့သော ဝန်ကြီးဌာန စတုတ္ထတနှစ်တာကာလ သတင်းစာရှင်းလင်းပွဲ၌ပြောကြားခဲ့သည်။

အဆိုပါ ထောက်ပံ့ငွေဖြင့် စီးပွား/ကူးသန်းက မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်မှကျောင်စန်းကျော့အထိ သွားရာလမ်းအား၂ လမ်းသွားလမ်းမအဖြစ် တိုးချဲ့ရန် ပြီးခဲ့သည့် ဇွန်လကုန်ပိုင်းက ပြည်ထောင်စုစီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနထံ အဆိုပြုလွှာ (Proposal) တင်ပြထားကြောင်းသိရသည်။

လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က "တရုတ်နဲ့အဓိကထိတွေ့နေရတာကလဲ ကုန်သွယ်ရေးပိုင်းက ဖြစ်တယ်။ လက်ရှိမှာလဲ နယ်စပ်ကုန်သွယ်ရေးအကျပ်အတည်းကြောင့် နစ်ဖက်လုံးအခက်အခဲဖြစ်နေတော့ တကယ်လို့ ကျနော်တို့ ဝန်ကြီးဌာနက လျှောက်ထားတဲ့ ပရိုပိုဆယ်သာရခဲ့ရင်တော့ ဒီဂိတ်တိုးချဲ့ဖို့ကိစ္စဖြစ်လာမှာပါ။ အဲဒါဆိုရင်တော့ လက်ရှိ ကုန်သွယ်မှုမှာ ရင်ဆိုင်နေရတဲ့ ယာဉ်ကြောကြပ်တာတွေ၊ အဆင်မပြေမှု တချို့အထိုက်အလျောက်ပြေလည်သွားမှာပါ" ဟု ပြောသည်။

လက်ရှိ တရုတ်နိုင်ငံက ထောက်ပံ့ပေးမည့် ယွမ် ၄ ဘီလီယံသည် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ တဆင့် အဆိုပြုလာသော ဝန်ကြီးဌာနများအလိုက် စိစစ်ချထားပေးမည်ဖြစ်ရာ ယခုနယ်စပ်ဂိတ်သွားရာ လမ်းချဲ့မည့် စီးပွား/ ကူးသန်း ဝန်ကြီးဌာန၏ အဆိုပြုချက် ရွေးချယ်ခံရပါက လမ်းတံတားနှင့်သက်ဆိုင်သော ဆောက်လုပ်ရေးဝန်ကြီးဌာနမှတဆင့် ဆက်လက်ဆောင်ရွက်သွားဖွယ်ရှိသည်ဟု ၎င်းကရှင်းပြသည်။ မူဆယ်-နမ့်ခမ်းကုန်သည်ကြီးများအသင်း၏ ဗဟိုအလုပ် အမှုဆောင် ဦးစိုင်းခင်မောင်က "လက်ရှိ ကုန်သွယ်မှုအကျပ်အတည်းကလည်း ကိုဗစ်ကြောင့် တရုတ်က အဝင်/အထွက် ကန့်သတ်နေလို့ဖြစ်ရတာလေ။ အဲဒီတော့ ကိုဗစ်ကာလလွန်တဲ့အခါ လမ်းတွေ၊ နယ်စပ်ဂိတ်တွေက ပိုကောင်းလာမယ် ဆိုရင် တော့ ကုန်သွယ်ရေးမှာ အရင်ထက် အများကြီးပိုတိုးတက်လာနိုင်မယ်။ ဒါပေမယ့် ဒီလိုနယ်စပ်ဂိတ်တွေချဲ့တာ ကိုယ့်ပိုက်ဆံနဲ့ ကိုယ့်လူတွေနဲ့ လုပ်နိုင်ရင်တော့ အကောင်းဆုံးပေါ့။ အဲဒီလိုမဟုတ်ဘဲ တခြားနိုင်ငံက လာလုပ်ပေးတာမျိုးဆိုရင် အဲဒီဒေသခံ တွေက ကျွန်လိုပဲ ဆက်ဆံ ခံကြရတာများတယ်" ဟု ဧရာဝတီကို ပြောသည်။

တရုတ်နိုင်ငံက မြန်မာနိုင်ငံတွင် ကိုဗစ် စတင်တွေ့ရှိပြီးနောက် ဧပြီ ၅ ရက်မှ စတင်ကာ မြန်မာနိုင်ငံသားများ တရုတ် နိုင်ငံတွင်း ဝင်ထွက်ခြင်း ကန့်သတ်ခြင်း၊ ကုန်တင်ယာဉ်များအား တရုတ်နိုင်ငံမှ ကျန်းမာရေး စစ်ဆေးချက်များ ရရှိထားသည့် ယာဉ်မောင်း ၂၀ ဦးဖြင့်သာ ယာဉ်မောင်းအစားထိုးစနစ်ဖြင့် ဝင်ခွင့်ပြုခြင်း၊ လိုအပ်သည်ထက် စစ်ဆေးမှုများ ပိုမို တင်းကြပ်ခြင်းတို့ကြောင့် ကုန်သွယ်ရေးတွင် အချိန်ကြန့်ကြာခြင်း၊ ပုပ်သိုးလွယ်ကုန်စည်များ ပျက်စီးလေလွင့်ရခြင်း၊ တောင်သူ များထိခိုက်နစ်နာခြင်း၊ ကုန်တန်ဆာခများ ဈေးတက်လာခြင်းစသည့် အခက်အခဲများအား မြန်မာလုပ်ငန်းရှင်များက ကြုံတွေ့နေ ရကြောင်း မူဆယ် အဝေးပြေး ကုန်စည်ပို့ဆောင်ရေးအသင်း ဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်က ဧရာဝတီကို ပြောသည်။ လက်ရှိကုန်သွယ်ရေး အကျပ်အတည်းနှင့်ပတ်သက်၍ တရုတ်နိုင်ငံဘက်နှင့် ညှိနှိုင်းဆောင်ရွက်နေခြင်းများလည်းရှိနေ ကြောင်း၊ နယ်စပ်ပြဿနာများကိုလည်း ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းစီးပွား/ကူးသန်း ဒုဝန်ကြီးကဆိုထားသည်။

**Source:** https://burma.irrawaddy.com/news/2020/07/15/226406.html

## လာမည့်ဘဏ္ဍာနှစ်အခွန်ရငွေကို ယခုဘဏ္ဍာနှစ်ထက် ကျပ် ၆၄၀ ဘီလီယံကျော် ပိုမိုရရှိမည်ဟုလျာထား

COVID–19 ကပ်ရောဂါဖြစ်နေသော်လည်းလာမည့် ၂၀၂၀–၂၁ ဘဏ္ဍာနှစ်တွင် အခွန်ရငွေကို ယခုဘဏ္ဍာနှစ်ထက် ကျပ် ၆၄၀ ဘီလီယံကျော် ပိုမိုရရှိမည်ဟု အစိုးရကလျာထားသည်။ ပြည်ထောင်စုအခွန်အကောက်ဥပဒေကြမ်းတွင် ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်တွင် အစိုးရက အခွန်အရပ်ရပ်ကောက်ခံရရှိငွေကို ကျပ် ၈,၆၀၀ ဘီလီယံကျော်ရရှိမည်ဟု လျာထားသည်။ ယခုဘဏ္ဍာနှစ် အခွန်ကောက်ခံရရှိငွေကို အစိုးရက ကျပ် ၇,၉၀၀ ဘီလီယံကျော်လျာထားသည်။ COVID–19 ကပ်ရောဂါ၏ အကျိုးဆက်အဖြစ်လာမည့် ဘဏ္ဍာနှစ်တွင် အခွန်အကောက်ရငွေများနှင့် အခြားရငွေများ လျော့နည်းနိုင်ကြောင်း ဇွန်လ ၂၂ ရက်က နေပြည်တော်သမ္မတအိမ်တော်၌ ပြုလုပ်သော ဘဏ္ဍာရေး ကော်မရှင်အစည်းအဝေးတွင် သမ္မတဦးဝင်းမြင့်က ပြောကြားသည်။

အိမ်၊ ခြံ၊ မြေ၊ ကားစသောပစ္စည်းများကို တရားဝင်ရောင်းဝယ်ရာတွင် ပေးဆောင်ရသော ဝင်ငွေခွန်သက်သာခွင့်ကို ပယ်ဖျက်လိုက်ပြီး လာမည့်ဘဏ္ဍာနှစ် ဝင်ငွေခွန်ကောက်ခံရရှိမှုကို ကျပ် ၂,၇၀၀ ဘီလီယံကျော်ရရှိမည်ဟု အစိုးရက

လျာထားသည်။ ထို့အပြင် ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၂,၂၀၀ ဘီလီယံကျော် ကောက်ခံရရှိမည်ဟုလျာထားသည်။ COVID-19 ကပ်ရောဂါဖြစ်နေချိန် အစိုးရက အခွန်တိုးမြှင့်ကောက်ခံရရှိရန် ရည်မှန်းလုပ်ဆောင်နေခြင်းက စီးပွားရေးကဏ္ဍအတွက် အခက်အခဲဖြစ်လာနိုင်သည်ဟု စီးပွားရေးလုပ်ငန်းရှင်အချို့ကပြောသည်။

**Source:** https://7day.news/detail?id=192422

## ငွေကြေး ဈေးကွက်တွင် တစ်ဒေါ်လာ ကျပ် ၂၀ ဝန်းကျင် ပြန်တက်



ပြည်ပသို့ ငွေလွှဲမှုများခြင်းကြောင့် ငွေကြေးဈေးကွက်တွင် အမေရိကန်ဒေါ်လာတန်ဖိုး အနည်းငယ်ပြန်တက်လာပြီး ဇူလိုင် ၁၅ ရက်တွင် တစ်ဒေါ်လာလျှင် ကျပ် ၁,၃၈၀ ဈေးဖွင့်သည်။ ဇူလိုင်လဆန်းရက်များထက် တစ်ဒေါ်လာလျှင် ကျပ် ၂၀ ဝန်းကျင် ပြန်လည်မြင့်တက်ခြင်းဖြစ်သည်။ လက်ရှိ ဒေါ်လာတန်ဖိုးတက်ခြင်းက သွင်းကုန်များအတွက် ပြည်ပသို့ ငွေလွှဲပေးပို့မှုများခြင်း၊ လလယ်ပိုင်းတွင် ဒေါ်လာရောင်းချမှုနည်းခြင်းကြောင့်ဖြစ်သည်ဟု ပြင်ပငွေလွှဲလုပ်ငန်း လုပ်ကိုင်သူအချို့ကပြောသည်။

လက်ရှိ ပြည်တွင်းငွေလဲနှုန်းသည် COVID-19 ကပ်ရောဂါမဖြစ်မီနှင့် နှိုင်းယှဉ်ပါက တစ်ဒေါ်လာလျှင် ၃ ရာခိုင်နှုန်းခန့် ဈေးကျဆင်းနေသည်။ ကပ်ရောဂါမဖြစ်မီက ငွေကြေးဈေးကွက်တွင် တစ်ဒေါ်လာလျှင် ကျပ် ၁,၄၁၀ ဝန်းကျင် ဈေးရှိခဲ့ သည်။ ပြည်တွင်းငွေလဲနှုန်းအခြေအနေသည် ကပ်ရောဂါကြောင့် လက်ရှိအချိန်တွင် ဒေါ်လာတန်ဖိုးကျဆင်းပြီး ကျပ်ငွေတန်ဖိုးမြင့်တက်နေသော်လည်း ရေရှည်တွင် ငွေလဲနှုန်းပြန်လည်မြင့်တက်နိုင်ကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မောင်ဝင်းကပြောသည်။

ဘဏ်အတိုးနှုန်း လျှော့ချထားခြင်း၊ အစိုးရဘတ်ဂျက်လို ငွေမြင့်နေခြင်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်လာနိုင်ခြင်းတို့ကြောင့် မြန်မာကျပ်ငွေတန်ဖိုးကျဆင်းပြီး ဒေါ်လာတန်ဖိုးမြင့်တက်နိုင်သည်ဟု ပြည်ထောင်စုလွှတ်တော်တွင် ဒုတိယဝန်ကြီးကပြောသည်။ ဒေါ်လာတန်ဖိုး မြင့်တက်လာနိုင်သဖြင့် လာမည့်ဘဏ္ဍာနှစ်အတွက် ဝန်ကြီးဌာနများ၏ ဘတ်ဂျက်ကို တစ်ဒေါ်လာလျှင် ကျပ် ၁,၅၂၀ ဖြင့် တွက်ချက်ပြီးလျာထားသည်ဟု ၎င်းကဆိုသည်။

**Source:** https://7day.news/detail?id=192361

## နောင်ခြောက်လအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းထက်ဝက်ကျော် ပိတ်သိမ်းရမည့်အခြေအနေရှိဟု ဒုဝန်ကြီးပြော

ဟိုတယ်လုပ်ငန်း၏တစ်ဝက်ခန့်နှင့် ခရီးသွားလုပ်ငန်းတစ်ဝက်ကျော်သည် လာမည့်ခြောက်လအတွင်း တောင့်ခံနိုင်ခြင်းမရှိဘဲ ပိတ်သိမ်းရမည့်အခြေအနေသို့ရောက်ရှိနေသည်ဟု ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်ကပြောသည်။ ဇူလိုင်လ ပထမပတ်အတွင်းကျင်းပသည့် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဇဟိုကော်မတီအစည်းအဝေးတွင် ၎င်းကအထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

စီးပွားရေးအပေါ်သက်ရောက်မှုများကြောင့် Consuming Power လျော့နည်းသွားမည်ဖြစ်၍ ပြည်တွင်းခရီးသွားများကြောင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ၏ ဈေးကွက်ရရှိမှုမှာလည်း ၃၀ ရာခိုင်နှုန်းဝန်းကျင်သာရှိမည်ဟုခန့်မှန်းထားကြောင်း ၎င်းကပြောသည်။ ယခု အခြေအနေအတိုင်းဆက်သွားမည်ဆိုလျှင် ဟိုတယ်လုပ်ငန်း၏ ၅၀ ရာခိုင်နှုန်းခန့်နှင့် ခရီးသွားလုပ်ငန်းများ၏ ၇၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းခန့်သည် နောင်ခြောက်လတောင့်မခံနိုင်ဘဲ ပိတ်သိမ်းသွားမည့်အနေအထားဟုယူဆရကြောင်း ဒုဝန်ကြီးကပြောသည်။

ယခုကဲ့သို့ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများပိတ်သိမ်းရပါက တိုက်ရိုက်အလုပ်ပေးထားသူ ခုနစ်သောင်းခွဲခန့်နှင့် ဆက်စပ်အလုပ်အကိုင်ရရှိထားသူ ခုနစ်သောင်းခွဲခန့်အပြင် ၎င်းတို့အပေါ်မှီခိုနေသည့် မိသားစုဝင်များအပေါ် သက်ရောက်မှုများ

ရှိလာမည်ဟုဆိုသည်။ ပြည်ပခရီးသွားလုပ်ငန်းသည် ပုံမှန်အားဖြင့် ခရီးသွားလာခြင်းကို ခြောက်လကြိုတင်ပြင်ဆင်လေ့ရှိသည့်အတွက် ဟိုတယ်လုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများသည် ပြည်ပခရီးသွားများ ဘွတ်ခ်ကင်စတင်လက်ခံနိုင်ခြင်းရှိခဲ့ပါကလည်း ခြောက်လကြာကာလအတွင်း ပြည်တွင်းခရီးသွားကိုသာ ဆက်လက်မှီခိုရမည်ဖြစ်ကြောင်း ဒုဝန်ကြီးကပြောသည်။ ယင်းသို့ ထိခိုက်မှုသက်သာစေရန် COVID-19 ဆိုင်ရာ မြန်မာ့ခရီးသွားလုပ်ငန်း ကုစားမှုအစီအစဉ်နှင့်အညီ လိုအပ်သည့် ကုစားမှုများပြုလုပ်ပေးနိုင်ရေး ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးမင်းကျော်ဦးက "ရောဂါကူးစက်ပြန့်ပွားတဲ့နှုန်းပေါ်မှာ မူတည်တာပါတယ်။ လျော့ပါးသွားရင်တော့ အဆင်ပြေလာမယ်။ ဒီလိုမှမဟုတ်ဘဲ Second Wave ၊ Third Wave တွေ ဖြစ်လာရင်တော့ ကြုံလာနိုင် (ဟိုတယ်ပိတ်သိမ်းခြင်း) တာပေါ့။ အခုချိန်ကတော့ ဟိုတယ်တွေပိတ်လိုက်ရတာမရှိသေးဘူး။ ပြည်တွင်းခရီးသွားတွေနဲ့ ပြန်လည်ပတ်နေတယ်" ဟုပြောသည်။

**Source:** https://7day.news/detail?id=192416

## ထားဝယ်အထူးစီးပွားရေးဇုန်၌ ရင်းနှီးမြှုပ်နှံမည့်ကုမ္ပဏီများတိုးတက်လာပြီး ပြိုင်ဆိုင်မှုပြင်းထန်သည့် ရင်းနှီးမြှုပ်နှံမှုပုံစံပြောင်းလဲလာ

ကိုဗစ်ကာလအတွင်း ထားဝယ်အထူးစီးပွားရေးဇုန်၌ ရင်းနှီးမြှုပ်နှံမည့်ကုမ္ပဏီများ တိုးတက်လာပြီး ပြိုင်ဆိုင်မှု ပြင်းထန်သည့် ရင်းနှီးမြှုပ်နှံမှုပုံစံသို့ပြောင်းလဲလာကြောင်း ထားဝယ်အထူးစီးပွားရေးဇုန်ကော်မတီအတွင်းရေးမှူး ဒေါက်တာတင်ထူးနိုင်က မြန်မာတိုင်းမ်ကိုပြောသည်။ "မြန်မာနိုင်ငံအနေနဲ့ ကိုဗစ်အလွန်ကာလမှာ ရင်းနှီးမြှုပ်နှံမှုတွေဆွဲသွင်းဖို့ကရည်မှန်းချက်ပါပဲ။ အဲဒါကြောင့် ထားဝယ်အထူးစီးပွားရေးဇုန်မှာ အရင်တုန်းကလို ဒီလူနဲ့ပဲလုပ်မယ်ဆိုတာမျိုး နိုင်ငံတစ်ခု၊ နှစ်ခုတည်းအပေါ်မှာ မှီခိုနေတာမျိုးထက်စာရင် ပြိုင်ဆိုင်မှု ပြင်းထန်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ ဝိုင်းပြီးဆောင်ရွက်နိုင်တဲ့ပုံစံမျိုးကို သွားဖို့ ပြင်ဆင်နေတယ်။ ထားဝယ်အထူးစီးပွားရေးဇုန်က သီလဝါအထူးစီးပွားရေးဇုန်ထက် ၈ ဆလောက်ကြီးပြီး ဧက ၅ သောင်းနီးပါးရှိတဲ့အတွက် တစ်နိုင်ငံတည်း တစ်ဦးတည်းအပေါ်မှာ မှီခိုပြီးလုပ်ဖို့ကတော့ မလွယ်နိုင်ဘူး။ ဒါကြောင့် မို့လို့ မြန်မြန်ဆန်ဆန် လုပ်ကိုင်နိုင်မယ့် ပုံစံမျိုးကို စဉ်းစားလာတယ်" ဟု ထားဝယ်အထူးစီးပွားရေးဇုန်ကော်မတီ အတွင်းရေးမှူး ဒေါက်တာတင်ထူးနိုင်က မြန်မာတိုင်းမ်ကို ပြောသည်။

ကိုဗစ်ကြောင့် လုပ်ငန်းများ နှောင့်နှေးခဲ့သော်လည်း ကိုဗစ်ကာလများ၌ တရုတ်၊ ထိုင်း၊ ဂျပန်သံအမတ်ကြီးများနှင့် တွေ့ဆုံပြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများကိုဖိတ်ခေါ်ခဲ့ကြောင်း၊ လုပ်ငန်းများရပ်တန့်ခြင်းမရှိစေရန် အစီအစဉ်ချမှတ်၍ အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတကာ၏ ကိုဗစ်အလွန်ကာလ ပြောင်းလဲလာမည့် စီးပွားရေးပုံစံနှင့် ကိုက်ညီစေရန် အထူးစီးပွားရေးဇုန်၏ စီးပွားရေးပုံစံကို လိုက်ပါပြောင်းလဲနိုင် ရန် ကြိုးစားလာကြောင်း ၎င်းကပြောသည်။ "အခုဆိုရင်ဝင်လာတဲ့ရင်းနှီးမြှုပ်နှံသူတွေက ကိုဗစ်မတိုင်ခင်တုန်းက ဆက်သွယ်ထားတဲ့ကုမ္ပဏီတွေ ပြန်ဆက်သွယ်လာတဲ့အပြင် ကုမ္ပဏီအသစ်တွေလည်း အများကြီးဝင်လာတယ်။ ကုမ္ပဏီသစ်တွေက အရင်ထက် စိတ်ပါလက်ပါနဲ့ တကယ်လုပ်ချင်တယ်။ တကယ်လည်း လက်တွေ့ကျကျလေ့လာမှုတွေ ခွင့်ပြုပေးစေချင်တဲ့ပုံစံမျိုးတွေတွေ့ရတယ်။ ပြီးခဲ့တဲ့ ဖွန်လအလယ်လောက်ကနေ ဇူလိုင်လအလယ်လောက်အထိကို ကုမ္ပဏီ ၉ ခုလောက်ရှိတယ်။ အရင်တုန်းကလို လာဆွေးနွေးပြီးတော့ မေးပြီးပြန်တဲ့ပုံစံမျိုးမဟုတ်ဘူး။ တော်တော်လေးကို လေးလေးနက်နက်ထားပြီး ဆွေးနွေးလာတာတွေ့ရတယ်" ဟု ဒေါက်တာတင်ထူးနိုင်က ပြောသည်။

ယင်းလုပ်ငန်းများ စတင်ဖွံ့ဖြိုးအောင်ဆောင်ရွက်နိုင်ရန်မှာ လမ်း၊ မီးနှင့် ဆိပ်ကမ်းစသည့် အခြေခံအဆောက်အအုံများ ဟန်ချက်ညီစွာ ဖွံ့ဖြိုးမှုဖြစ်စေရန် အလေးထားဆောင်ရွက်နေပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ စတင်အကောင်အထည်ဖော်ရန်မှာ ကိုဗစ်ရောဂါဖြစ်ပွားမှုလျော့ကျသည့် အခြေအနေပေါ်တွင်မူတည်နေကြောင်း၊ ထို့ပြင် ထားဝယ်အထူးစီးပွားရေးဇုန်၌ ရေနက်ဆိပ်ကမ်းတည်ဆောက်ရေးအတွက်လေ့လာရန် ဂျပန် JICA ကလည်း အဆိုပြုထားကြောင်း ထားဝယ်အထူးစီးပွားရေးဇုန်ကော်မတီထံမှသိရသည်။ အဆိုပါ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းကို ကနဦးစီမံကိန်းအဖြစ် ၂၀၀၈ ခုနှစ်တွင် အီတာလျံထိုင်းကုမ္ပဏီအားလုပ်ပိုင်ခွင့်ပေးခဲ့သော်လည်း ဘဏ္ဍာငွေကြေး ၊ နည်းပညာ ၊ ဈေးကွက်ထိုးဖောက်မှုအားနည်းခြင်း၊ စီမံကိန်း

ဧရိယာကြီးမားခြင်းစသည့်တို့ကြောင့် မအောင်မြင်ခဲ့သည့်အတွက် ၂၀၁၃ ခုနှစ်တွင် ကန်ထရိုက်လုပ်ငန်းများကို ပြန်လည် ရုပ်သိမ်းလိုက်သည်။

ထို့နောက် ကြီးမားသည့် ဧရိယာဖြစ်သည့် စကွဲယားကီလိုမီတာ ၂၀၀ ခန့်မှ ၂၇ စကွဲယားကီလိုမီတာအထိ အရွယ်အစား လျှော့ချကာ ပင်မစီမံကိန်းအဖြစ် အီတာလျံထိုင်းကုမ္ပဏီကိုပင် ထပ်မံလုပ်ပိုင်ခွင့်ပေးခဲ့ကာ ယခုအခါ စီမံကိန်းလုပ်ငန်းကြီး တစ်ခုလုံး အကောင်အထည်ဖော်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ ထပ်မံဖိတ်ခေါ်ခြင်းဖြစ်သည်။ ထားဝယ်အထူးစီးပွားရေး ဇုန်မှာ ၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ပထမဦးဆုံးပေါ်ပေါက်ခဲ့ပြီး သီလဝါအထူးစီးပွားရေးဇုန်ထက် ၈ ဆခန့်နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်ထက် ၁၀ ဆကျော်ကြီးမားသည်။ အရှေ့တောင်အာရှတွင်လည်း အရွယ်အစားအကြီးဆုံး အထူးစီးပွားရေးဇုန် ဖြစ်ပြီး ဧက ၅ သောင်းခန့်၊ စကွဲယား ကီလိုမီတာ ၂၀၀ ခန့်ရှိသည်။

**Source:** https://myanmar.mmtimes.com/news/141411.html

## မြန်မာလျှပ်စစ်ဓာတ်အားပေးစနစ်အတွက် ထိုင်းက ဘတ်ငွေ ၁ ဘီလီယံ ချေးမည်



မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားပေးစနစ် တိုးတက်ကောင်းမွန်ရေးကို ကူညီရန် အတွက် အတိုးနည်းချေးငွေဖြင့် ဘတ်ငွေ ၁ ဒသမ ၄၅ ဘီလီယံကို ထိုင်းအစိုးရက အတည်ပြုလိုက်ပြီဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။ အဆိုပါချေးငွေသည် အိမ်နီးချင်းနိုင်ငံများနှင့် ခိုင်မာသောဆက်ဆံရေးကိုဖော်ဆောင်သည့် အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်ဟု လက်ထောက်အစိုးရပြောရေးဆိုခွင့်ရှိသူ ရာချာ ဒါဒနာဒီရက်က အင်္ဂါနေ့ကပြောသည်။

အိမ်နီးချင်းနိုင်ငံများ စီးပွားရေးဖွံ့ဖြိုးမှုကော်ပိုရေးရှင်း အေဂျင်စီ NCEDC က မြန်မာသို့ ချေးငွေချထားပေးရေးအစီအစဉ်ကို တာဝန်ယူသွားမည်ဖြစ်ကြောင်း ရာချာဒါကဆိုသည်။ ယခုချေးငွေသည် ရန်ကုန်၌ရှိသော လျှပ်စစ်ဓာတ်အားခွဲရုံများနှင့်လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးစနစ်များ ပိုမိုကောင်းမွန်ရေးအတွက် ရည်ရွယ်ကြောင်းသိရသည်။ ဘတ်ငွေ ၁ ဒသမ ၄၅ ဘီလီယံတွင် ၇၂၉ ဒသမ ၁၂ သန်းအား ၂၀၂၁–၂၃ ဘဏ္ဍာနှစ်ကို လွှမ်းခြုံသည့် နှစ်စဉ်ဘတ်ဂျက်မှထုတ်ယူမည်ဖြစ်ပြီး ကျန်တစ်ဝက်ကို ပြည်တွင်းဘဏ္ဍာရေးအဖွဲ့အစည်းများထံမှ ငါးနှစ်တာ ချေးငွေကာလဖြင့် ချေးယူမည်ဖြစ်သည်။

အဆိုပါ ချေးငွေအား သတ်မှတ်ချိန် ရွှေ့လျားပေးခြင်း ၁၀ နှစ်တာကာလအပါအဝင် နှစ် ၃၀ စာချုပ်ဖြင့် အတိုးနှုန်း ၁ ဒသမ ၅ ရာခိုင်နှုန်းဖြင့် မြန်မာနိုင်ငံကရရှိမည်ဖြစ်သည်။ ယခု ချေးငွေသဘောတူညီချက်အရ လျှပ်စစ်ဓာတ်အားပေးစီမံကိန်းများ၌ သုံးစွဲမည့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ၅၀ ရာခိုင်နှုန်းကို ထိုင်းနိုင်ငံဆီမှ ဝယ်ယူသုံးစွဲရမည်ဖြစ်ကြောင်းသိရသည်။ ချေးငွေ သဘောတူညီချက်နှင့်ပတ်သက်သော စည်းမျဉ်းများကို ထိုင်းအစိုးရကပြဋ္ဌာန်းမည်ဖြစ်ကာ မြန်မာနိုင်ငံသည် ထိုင်းဆောက်လုပ်ရေး ကန်ထရိုက်တာနှင့် အကြံပေးအင်ဂျင်နီယာတစ်ဦးကို ခန့်အပ်တာဝန်ပေးရမည်လည်းဖြစ်သည်။ "မြန်မာနိုင်ငံကို ခုလို ဘဏ္ဍာရေးအရ အကူအညီပေးတာဟာ အိမ်နီးချင်းနိုင်ငံတွေနဲ့ ခိုင်မာတဲ့ဆက်ဆံရေးထူထောင်မှု မဟာဗျူဟာအရပဲဖြစ်ပါတယ်။ ပြီးတော့လည်း ထိုင်းစွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ ကုန်စည်ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတွေကို အထောက်အကူ ပြုပြီး ထိုင်းနိုင်ငံမှာ အလုပ်အကိုင် အားကောင်းဖို့အတွက်လည်းဖြစ်ပါတယ်။"ဟု ပြောရေးဆိုခွင့်ရှိသူအမျိုးသမီးတစ်ဦးဖြစ်သည့် ရာချာဒါကပြောသည်။

"စီမံကိန်းသဘောတူညီမှုတန်ဖိုးရဲ့ ၅၀ ရာခိုင်နှုန်းအောက်ထက်မနည်းစေဘဲ ထိုင်းကုန်ပစ္စည်းတွေနဲ့ ဝန်ဆောင်မှုတွေကို သုံးစွဲရမှာဖြစ်တာမို့ မြန်မာနိုင်ငံဆီ ထိုင်းရင်းနှီးမြှုပ်နှံသူတွေကို ပိုပြီးဆွဲဆောင်လာလိမ့်မှာဖြစ်တယ်။"ဟု ၎င်းကပြောသည်။ ထိုင်းနိုင်ငံသည် လက်ရှိ၌ စင်ကာပူနှင့်တရုတ်ပြီးလျှင် မြန်မာနိုင်ငံ၌ တတိယမြောက်အကြီးဆုံး ရင်းနှီးမြှုပ်နှံထားသည် နိုင်ငံ ဖြစ်သည်။

**Source:** http://www.mizzimaburmese.com/article/71555

## တစ်ကမ္ဘာလုံး စီးပွားရေးဆုတ်ကပ်ကြောင့် လျှော်ဖြူဈေးနှုန်းမတည်ငြိမ်



COVID ကာလမပြီးဆုံးမချင်း တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် စီးပွားရေးဆုတ်ကပ်သဖွယ်ဖြစ်နေသောကြောင့် လျှော်ဖြူဈေးနှုန်းမှာလည်း တည်ငြိမ်မှုမရှိကြောင်းသိရသည်။ လက်ရှိ ဈေးနှုန်းကျဆင်းခြင်းရဲ့ အကြောင်းအရင်း ကတော့သေချာပါတယ် COVID ကြောင့်ပါ။ တစ်ကမ္ဘာလုံး၊ တစ်နိုင်ငံလုံး လုပ်ငန်းတော်တော်များ ရပ်ဆိုင်းနေရပါတယ်။ ကျွန်တော်တို့ မြန်မာ့လျှော်ဖြူရဲ့ အဓိကဈေးကွက်ဖြစ်တဲ့ တရုတ်ပြည်မှာလည်း ဈေးဆိုင်၊ စားသောက်ဆိုင်၊ စက်ရုံတွေဟာ ရာနှုန်းပြည့် အလုပ်မလုပ်နိုင်ကြသေးပါဘူး။ အဲ့ဒီတော့ ကုန်ကြမ်းလိုအပ်ချက် မများသေးတာပါဟု မြန်မာနိုင်ငံလျှော်ဖြူစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးဇင်မင်းသန့်ကပြောသည်။

လျှော်ဖြူဈေးနှုန်းကျဆင်းရခြင်း၏ အဓိကအကြောင်းအရင်းများအနက် သယ်ယူပို့ဆောင်ရေးစရိတ်များ ယခင်ကထက်မြင့်တက်လာခြင်းလည်းပါဝင်သည်။ COVID ကာလမှာ နယ်စပ်ကုန်သွယ်မှု ဝင်ပေါက်တွေပိတ်ထားပါတယ်။ ပိတ်ထားတဲ့ အခြေအနေကနေ ရောင်းလို့ရအောင် ကြိုးစားပို့ဆောင်တဲ့နေရာမှာ စရိတ်စကတော်တော်လေးပိုပြီးကုန်ကျပါတယ်။ အရင်ကထက်စာရင် သယ်ယူစရိတ်က (၃) ဆ လောက် များသွားပါတယ်ဟု ဦးဇင်မင်းသန့်က ဆက်လက်ပြောသည်။

လက်ရှိဈေးကွက်အတွင်း လျှော်ဖြူဝယ်ဈေးများမှာ ကြာဖံတစ်ပိဿာလျှင် ကျပ် (၁၀၀,၀၀၀) ဝန်းကျင်၊ ကြားပြတ် တစ်ပိဿာ လျှင် (၂၀,၀၀၀) ကျပ်မှ (၃၅,၀၀၀) ကျပ် အတွင်း၊ ရေခဲပွင့်အလှ တစ်ပိဿာလျှင် (၁၀,၀၀၀)ကျပ်မှ (၁၅,၀၀၀)ကျပ် အတွင်း၊ ပုံမှန်ထိပ်စအသန့် တစ်ပိဿာလျှင် (၈,၀၀၀)ကျပ်မှ (၁၀,၀၀၀)ကျပ် အတွင်း၊ ဝမ်းစ (Aတစ်လုံး) တစ်ပိဿာလျှင် (၄,၀၀၀) ကျပ်မှ (၆,၀၀၀) ကျပ် အတွင်း၊ အဝါကြည် တစ်ပိဿာလျှင် (၂,၅၀၀) ကျပ်မှ (၄,၀၀၀) ကျပ်အတွင်း၊ အောက်စ တစ်ပိဿာလျှင် (၁,၀၀၀)ကျပ်မှ (၂,၀၀၀)ကျပ် အတွင်း ဈေးများဖြင့် ဝယ်ယူနေကြောင်း လျှော်ဖြူဒိုင်များမှသိရသည်။

**Source:** https://greenwaymyanmar.com/posts/unstable_of_sterculia_price

## အစေ့ထုတ်ပြောင်းသီးနှံကို ကန်ထရိုက်လယ်ယာစနစ်ဖြင့် စတင်လုပ်ကိုင်သော တောင်သူတစ်ချို့ ဆုံးရှုံးမှုများရှိနေ



ကန်ထရိုက်လယ်ယာစနစ်ဖြင့် အစေ့ထုတ်ပြောင်းစိုက်သော တောင်သူများ ရေမြေအနေအထားနှင့် စိုက်ပျိုးနည်းစနစ်သဟဇာတမကျခြင်း၊ ဖျက်ပိုးများဆိုးရွားစွာကျခြင်း၊ သွင်းအားစုအချိန်မီမရရှိခြင်း၊ ကျွမ်းကျင်သောနည်းပညာပေးဝန်ထမ်းများ မရရှိခြင်း၊ အမှန်တကယ် ဈေးကွက်ပေါက်ဈေးမရရှိခြင်းစသော အကြောင်းရင်းများကြောင့် အရှုံးပေါ်၍ အခက်တွေ့နေကြသည်။ ဦးလေးတို့ စာချုပ်နဲ့ပြောင်းစိုက်လိုက်တာ ပထမဆုံးနည်းပညာ အဆင်ပြေမနေဘူး။ သူတို့က ရေ/မြေအနေအထား၊ အပူချိန်နဲ့ အစိုဓာတ်ကိုမခန့်မှန်းပဲ စာအုပ်ကြီးတိုင်း ဘယ်ချိန်ရေသွင်း၊ ဘယ်ချိန်ဆေးဖျန်းဆိုပြီးပြောတာ။ သူတို့ပြောတဲ့အတိုင်း စိုက်လိုက်တာ အပင်လုံးဝမပေါက်လာဘူး။ ဒါနဲ့ အပေါ်ကပိုက်နဲ့ရေဖျန်းပေးဆိုလို့ ဖျန်းလိုက်တာ လုပ်အားခတွေကုန်၊ အချိန်တွေကုန်၊ လူပင်ပန်းနဲ့ အဆင်ကိုပြေမလာဘူး။ နောက်တော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရေသွင်းလုပ်ရတာပဲ။ ဒါတောင် အပင်ပေါက်လုံးဝ မညီလာတော့ဘူး။ စစိုက်ကတည်းက အဆင်မပြေတာဟု ပဲခူးတိုင်း၊ ရေတာရှည်မြို့နယ်၊ သပြေတန်းကျေးရွာမှ တောင်သူဦးစိုးမင်းထွန်းကပြောသည်။

သူတို့လာတဲ့အချိန်ကလည်း နောက်ကျနေပြီ။ အစပိုင်းပြောင်းစိုက်ဖို့ လာတိုက်တွန်းတုန်းကတော့ အခေါက်ခေါက်အခါခါလာတယ်။ ဖုန်းလည်း ခဏခဏဆက်တယ်။ အဲ့တုန်းကတော့ အရေးတယူလုပ်ပါသေးတယ်။ စိုက်လည်းပြီးရော စခွာ ခွာသွားတာပြီးရော။ ဦးလေးတို့မှာ စိုက်ခင်းက ဘာဖြစ်လဲမသိဘူး/လာကြည့်ပေးပါဦး/ဘာဆေးဖျန်းရမလဲဆိုပြီး ဖုန်းဆက်

ခေါ်ရင်တောင် ရှက်ဖျန်းဆေးတွေ/အားဆေးတွေ ဘယ်နေ့လာပေးမယ် ဘာညာနဲ့..သွားရော..မလာတော့ဘူး။ ဦးလေးတို့မှာ ဆေးဖျန်းဖို့ နောက်ကျနဲ့လုပ်ရတာ ကမောက်ကမတွေပါကွယ်။ သူတို့ ပစ္စည်းရောင်းရ ပြီးရော..ပြန်လှည့်မကြည့် တော့ဘူးဟု တောင်သူဦးစိုးမင်းထွန်းက ဆက်လက်ပြောသည်။

ထို့ပြင် ကြွက်များကျရောက်၍ ပြောင်းစိုက်တောင်သူများ စိုက်ခင်းတစ်ဝက်၊ စိုက်ခင်းအားလုံးနီးပါး ပျက်စီး ဆုံးရှုံးခဲ့ကြောင်းသိရသည်။ ထွက်သလောက်သီးနှံကို ကုမ္ပဏီမှ စာချုပ်တွင်ကြမ်းခင်းဈေး ၇၂၀၀ ကျပ်နှင့် ကာလပေါက်ဈေး အတိုင်း ဝယ်ယူမည်ဟု ချုပ်ဆိုထားသော်လည်း ပြောင်းသီးနှံပေါ်ချိန်တွင် ပေါက်ဈေး ၈၅၀၀ ကျပ်ရှိခဲ့သည်။ သို့သော် ၇၅၀၀ ကျပ်ဖြစ်သာ ပြန်လည်ဝယ်ယူပေးကြောင်းသိရသည်။ ထိုဒေသ၌ ကန်ထရိုက်လယ်ယာစနစ်ဖြင့်မဟုတ်ပဲ ကိုယ့်နည်းကိုယ့်ဟန် ဖြင့် ပြောင်းစိုက်သောတောင်သူများ အဆင်ပြေကြသည်။

Contract farming လုပ်ရာ၌ သွင်းအားစုနောက်ကျခြင်း၊ ရာသီဥတုနှင့် စိုက်ပျိုးချိန်ကိုက်မှု ခက်ခဲခြင်း၊ သီးနှံရိတ်သိမ်းချိန် နောက်ကျခြင်းတို့ကြောင့် လုပ်ငန်းရှင်နှင့် တောင်သူများအကြား သဘောတူညီမှု ပျက်ယွင်းလာကြသည်။ ထို့ကြောင့် contract farming လုပ်နိုင်ရန်အတွက် နိုင်ငံတွင်းဥပဒေအရ အားနည်းချက်များ၊ အရေးယူလုပ်ဆောင်ပေးမည့်အစိုးရအဖွဲ့အစည်းများ အားနည်းလျက်ရှိနေသေးသည်။

**Source:** https://greenwaymyanmar.com/posts/Maize_Contract_farming

## ခရီးသွားလာသူများအား ထိတွေ့ကိုင်တွယ်ရမှုအနည်းဆုံးဖြင့် လုံခြုံစွာဖြတ်သန်းသွားလာနိုင်ရေး စင်ကာပူချန်ဂီလေဆိပ်က ပြင်ဆင်လျက်ရှိ

ကိုဗစ် ၁၉ ကာလအတွင်း စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်မှတစ်ဆင့် ခရီးသွားလာသူ များအနေဖြင့် လုံခြုံစိတ်ချစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပြီး၊ ယင်းအစီအမံများတွင် လေဆိပ်ရှိ လူဝင်မှုကြီးကြပ်ရေး ကောင်တာ၌ ခရီးသည်များ၏ လက်ဗွေဖတ်ခြင်းအစား မျက်နှာနှင့်မျက်လုံးတို့အား Scan ဖတ်ခြင်း၊ ခရီးစဉ်အတွက် ကိုယ်တိုင် စာရင်းသွင်းခြင်း (Self Check-in) နှင့် အထုပ်အပိုးအပ်နှံခြင်း (Baggage Drop) တို့ကို ပြုလုပ်သောစက်များအား ထိတွေ့ရန် မလိုဘဲ အသုံးပြုနိုင်ခြင်း၊ လေဆိပ်အတွင်း သန့်ရှင်းရေးစက်ရုပ်များအသုံးပြုခြင်း၊ ထိတွေ့ကိုင်တွယ်မှုပြုလုပ်ရန် မလိုသော သန့်စင်ခန်းများကို အသုံးပြုနိုင်ခြင်းတို့ပ ါဝင်ကြောင်း၊ ထို့ပြင် လေဆိပ်ရှိဓါတ်လှေကားခလုတ်များကို ဖိနှိပ်ရန်မလိုဘဲ အသုံးပြု နိုင်ရန်နှင့် စက်လှေကားများ၏ လက်ကိုင်တန်းများကို ခရမ်းလွန်ရောင်ခြည်ဖြင့် ပိုးသတ်ခြင်းတို့ကို စမ်းသပ်လုပ်ဆောင် နေကြောင်း သိရှိရပါသည်။

ယခုအခါ လေဆိပ်ရှိ လူဝင်မှုကြီးကြပ်ရေးကောင်တာများ၌ ခရီးသည်များ၏ မျက်နှာနှင့်မျက်လုံးတို့အား Scan ဖတ်သည့် ကင်မရာများကို လေဆိပ်တာမီနယ် ၁ နှင့် ၃ တို့တွင် တပ်ဆင်ထားပြီးဖြစ်ကြောင်း၊ ထိုသို့ မျက်နှာ သို့မဟုတ် မျက်လုံး Scan ဖတ်နိုင်ရန်အတွက် လူဝင်မှုကြီးကြပ်ရေးနှင့်နယ်စပ်စစ်ဆေးရေးအာဏာပိုင်ထံတွင် မှတ်တမ်းမရှိသေးသောသူ များသာ လူဝင်မှုကြီးကြပ်ရေးကောင်တာတွင် သာမန်နည်းလမ်းအတိုင်း တစ်ကြိမ်စစ်ဆေးမှုခံယူ၍ မှတ်ပုံတင်နိုင်ကြောင်း၊ အနီအောက် ရောင်ခြည်ဆင်ဆာစနစ်အသုံးပြုထားသည့်အတွက် လက်ချောင်းလှုပ်ရှားမှုများကို ခြေရာခံနိုင်သော ထိတွေ့ ကိုင်တွယ်ရန် မလိုဘဲ Self Check-in နှင့် Baggage Drop တို့ကို ပြုလုပ်နိုင်သည့်စက်အလုံးပေါင်း ၁၆၀ ကျော်ကိုလည်း တပ်ဆင် ထားပြီးဖြစ်ကြောင်း၊ ခရီးသည်များနှင့် ဆက်ဆံရသည့် Check-in ကောင်တာ၊ လူဝင်မှုကြီးကြပ်ရေးကောင်တာ၊ အကောက်ခွန် ဌာနကောင်တာ၊ အခွန်ပြန်အမ်းခြင်းနှင့် သတင်းမေးကောင်တာများတွင် ပလပ်စတစ်အကာ (Acrylic Screen) စုစုပေါင်း ၄၀၀ နီးပါးကိုလည်း တပ်ဆင်သွားမည်ဖြစ်ကြောင်း၊ ဤအစီအမံများက ခရီးသည်များအနေဖြင့် လေဆိပ်ရှိဝန်ထမ်းများနှင့် အရာဝတ္ထု များ၏ မျက်နှာပြင်များအား ထိတွေ့ကိုင်တွယ်ရမှုအနည်းဆုံးဖြင့် စိတ်ပေါ့ပါးသက်သာစွာ ဖြတ်သန်းသွားလာနိုင်ရန်နှင့် နိုင်ငံတကာတွင် လေကြောင်းခရီးသွားလာမှုများ ပြန်လည်စတင်လာချိန်၌ ခရီးသည်များ၏ ယုံကြည်မှုအပြည့်အဝရရှိစေရန် ပံ့ပိုး ပေးနိုင်မည်ဖြစ်ကြောင်း ချန်ဂီလေဆိပ်လုပ်ငန်းအုပ်စု (Changi Airport Group) က ပြောကြားပါသည်။

**Source:** The Straits Times

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## ဂျပန်ရှိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် လုပ်ငန်းနေရာငှားရမ်းခများ လျှော့ချပေးနိုင်ရန် ဆောင်ရွက်နေကြောင်း (METI) ဝန်ကြီးပြောကြား

ဂျပန်နိုင်ငံ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန (METI) ၏ ဝန်ကြီး ဟီရိုရှိကာဂျီယာမာသည် ဇူလိုင်လ ၇ ရက်နေ့တွင်ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကူးစက်ပြန့်ပွားနေမှုကြောင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ပံ့ပိုးမှုတစ်ခုအနေဖြင့် နေရာငှားရမ်းခထောက်ပံ့ကြေးငွေအတွက် ဇူလိုင်လ ၁၄ ရက်နေ့မှစ၍ လျှောက်လွှာများကို စတင်လက်ခံမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။

လျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်သည် ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၁၅ ရက် နေ့အထိဖြစ်ပြီး၊ ထောက်ပံ့ကြေးငွေအား ၆ လစာကို တစ်ပြိုင်တည်း ဘဏ်မှ လွှဲပြောင်းပေးမည် ဖြစ်ကြောင်းသိရပါသည်။ ကော်ပိုရေးရှင်းလုပ်ငန်းများအတွက် အများဆုံး ယန်း ၆ သန်း၊ တစ်ဦးတည်းပိုင် လုပ်ငန်းရှင်များအတွက် ယန်း ၃ သန်းစီ ထောက်ပံ့ပေးမည်ဖြစ်ကြောင်းသိရပါသည်။

ဤထောက်ပံ့ကြေးငွေသည် ယခုနှစ် မေလမှဒီဇင်ဘာလအထိ ရောင်းအားသည် ယခင်နှစ်နှင့်အလားတူကာလနှင့် နှိုင်းယှဉ်လျှင် တစ်ဝက်ခန့်ကျဆင်းသွားသည့်လုပ်ငန်းများ(သို့မဟုတ်) သုံးလဆက်တိုက်ရောင်းအားသည် စုစုပေါင်း၏ ၃၀% နှင့် အထက်လျော့နည်းသွားသည့် လုပ်ငန်းများအတွက်ပံ့ပိုးပေးမည်ဖြစ်ပါသည်။

လျှောက်လွှာများကို သတ်မှတ်ပေးထားသည့် အင်တာနက်ဝက်ဘ်ဆိုက်မှတစ်ဆင့် လျှောက်ထားနိုင်ပြီး၊ ငှားရမ်းခြင်း စာချုပ်နှင့် ဘဏ်ချလံအသေးစိတ်ကဲ့သို့သော အထောက်အထားပြ စာရွက်စာတမ်းများလိုအပ်ကြောင်းသိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## အမေရိကန်အခြေစိုက် Blackstone Group Inc. က ဂျပန်နိုင်ငံ၏ ခရီးသွားလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စိတ်ဝင်စားနေ

အမေရိကန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဆောင်ရွက်သည့် ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Blackstone Group Inc. သည် ကိုရိုနာကပ်ရောဂါအလွန် ခရီးသွားလုပ်ငန်းပြန်လည် နာလန်ထူလာရေးမျှော်တွေးကာ ဂျပန်နိုင်ငံရှိ ခရီးသွား လုပ်ငန်း ဆောင်ရွက်သည့်ကုမ္ပဏီများတွင် inbound tourism ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားနေကြောင်း သိရပါသည်။

အဆိုပါ Blackstone အုပ်စုအနေဖြင့် လက်ရှိပြန့်ပွားနေသည့် ကိုရိုနာကပ်ရောဂါ၏ သက်ရောက်မှုကြောင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအလားအလာ တိုးတက်လာမှုအတွက် နောက်ထပ် ၂ နှစ် သို့မဟုတ် ၃ နှစ်ကြာခန့်အထိ အချိန်ယူရမည်ဟု ခန့်မှန်းထားပါသည်။ ခရီးသွားလုပ်ငန်းအပြင် ကျန်းမာရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများသည် ဂျပန်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အလားအလာရှိသည့်လုပ်ငန်းများဖြစ်ကြပြီး Blackstone အနေဖြင့် ၎င်းလုပ်ငန်းကဏ္ဍ ၃ ရပ်တွင် တစ်နှစ်လျှင် ယန်း ၁၀၀ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံရန် ပြင်ဆင်နေကြောင်းသိရပါသည်။ ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်၊ မေလအတွင်း ကိုရိုနာကပ်ရောဂါပြန့်ပွားမှုမှ တားဆီးကာကွယ်ရန် တစ်နိုင်ငံလုံး အရေးပေါ်အခြေအနေ ကြေငြာခဲ့သည့်အတွက် ဂျပန်နိုင်ငံအတွင်း ပြည်ပမှခရီးသွားများ ဝင်ရောက်မှုသည် ၉၉.၉ % အထိကျဆင်းခဲ့ပြီး နိုင်ငံ၏ခရီးသွားလုပ်ငန်းလုပ်ငန်းနှင့် ပွဲလမ်းသဘင်အခမ်းအနားစီစဉ်မှုဆိုင်ရာ စီးပွားရေးလုပ်ငန်းများ အလွန်အထိနာခဲ့ရပါသည်။

ဂျပန်နိုင်ငံ၊ ဘဏ္ဍာရေးအဖွဲ့အစည်းပိုင်းမှ ပြောရေးဆိုခွင့်ရှိသူက ကိုရိုနာကပ်ရောဂါ ကုသဆေး ဖွံ့ဖြိုးတိုးတက်လာမှုသည် လက်ရှိအကျပ်အတည်းကို တိုးတက်ကောင်းမွန်အောင် ပြောင်းလဲပေးနိုင်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသူ နိုင်ငံတကာမှစီးပွားရေးလုပ်ငန်းရှင်များကို တွန်းအားပေးပြောကြားခဲ့ပါသည်။

တည်းခိုနေထိုင်ရေးစီးပွားရေးလုပ်ငန်းများနှင့် ပြည်ပခရီးသွားများအတွက် ကုန်စည်နှင့် ဝန်ဆောင်မှုများ ပံ့ပိုးနေသည့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် Blackstone က အခွင့်အလမ်းများရှာဖွေနေပြီး ကမ္ဘာ့တစ်လွှား ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ထားမှုများ၏အခြေအနေကို မျက်ခြည်မပြတ် အကဲခတ်နေကြောင်း သိရပါသည်။ တိုကျိုမြို့တွင် အခြေစိုက်သည့် Blackstone's Private Equity Group ၏ မန်နေးဂျင်း ဒါရိုက်တာဖြစ်သူ Atsuhiko Sakamoto က ၎င်းတို့အနေဖြင့် လုပ်ငန်းပြန်လည်နာလန်ထူရန် အလားအလာရှိသည့် စီးပွားရေးလုပ်ငန်းများတွင် ဘဏ္ဍာရေး ပံ့ပိုးဖြည့်တင်းပြီး ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် စဉ်းစားနေပါကြောင်းဆိုပါသည်။

Blackstone သည် ၂၀၁၉ ခုနှစ်မှ အစပြု၍ နောင်ငါးနှစ်ကျော်ခန့်အထိ ဂျပန်ကုမ္ပဏီများ တွင် စုစုပေါင်း ယန်း ၅၀၀ ဘီလီယံတန်ဖိုးရှိသည့် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရန် ပြင်ဆင်နေကြောင်းသိရပါသည်။ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်တွင် Blackstone အနေဖြင့် တိုကျိုအခြေစိုက် အလတ်စားစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော ဆေးဝါးကုမ္ပဏီ Ayumi Pharmaceutical Corp., ကို ယန်း ၁၀၀ဘီလီယံခန့်ဖြင့်ဝယ်ယူကာ လုပ်ငန်းဆောင်ရွက်ခဲ့ကြောင်းသိရပါသည်။

**Source: The Cabinet Office of Japan, METI, Japan, The Japan Times, The Japan News, The Yomiuri Shimbun, The NHK World.**

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## အိန္ဒိယနိုင်ငံ၌ E-commerce စနစ်ဖြင့် ကုန်စည်များရောင်းချရာတွင် ပင်ရင်းနိုင်ငံဖော်ပြရန် စည်းကမ်းသတ်မှတ်မည်ဖြစ်ခြင်း

အိန္ဒိယနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနရှိ စက်မှုလုပ်ငန်းမြှင့်တင်ရေး နှင့် ပြည်တွင်းကုန်သွယ်ရေး ဦးစီးဌာန (DPIIT) သည် ပြည်တွင်းရှိ E-commerce platform ကုမ္ပဏီများမှ ကိုယ်စားလှယ်များအား Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးသည့် အစည်း အဝေး တစ်ရပ်ကို ၈.၇.၂၀၂၀ နေ့၌ ကျင်းပခဲ့ရာတွင် အီလက်ထရွန်းနစ်ကူးသန်းရောင်းဝယ်ရေး စကြ်ာန်များပေါ်၌ လွှင့်တင်ရောင်းချလျက်ရှိသည့် ကုန်ပစ္စည်းများ၏ ထုတ်လုပ်သည့်ပင်ရင်းနိုင်ငံအား ဖော်ပြသော ကုန်အညွှန်း အမှတ်အသားကို အသစ်တင်မည့်ကုန်စည်များအတွက် ၁.၈.၂၀၂၀ နေ့နှင့် ကုန်ပစ္စည်းအဟောင်းများအတွက် ၁.၁၀.၂၀၂၀ နေ့တို့မှစတင်၍ ထည့်သွင်းဖော်ပြရန် အသိပေးပြောကြားခဲ့ကြောင်းသိရှိရပါသည်။

အိန္ဒိယအစိုးရ၏ သွင်းကုန်လျှော့ချလျက် ပြည်တွင်း၌ အစားထိုးထုတ်လုပ်မှုမြှင့်တင်ရေး အကောင်အထည်ဖော် ဆောင်ရွက်မှုတွင် တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်လျက်ရှိသည့် အဆိုပါ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်အား ကုန်ထုတ်လုပ်သူ များနှင့် ရောင်းချသူများပါဝင်စေလျက် ၃ လ မှ ၅လခန့် အချိန်ယူ၍ အဆင့်အလိုက်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လက်ရှိ ကာလ၌ ဥပဒေအရ တိကျစွာတိုင်းတာမှု လုပ်ထုံးလုပ်နည်းများတွင် အင်တာနက်ကူးသန်းရောင်းဝယ်ရေး စကြ်ာန်များပေါ်၌ ကုန်စည်များရောင်းချရာတွင် ထိုသို့ပင်ရင်းနိုင်ငံဖော်ပြရန် ပြဋ္ဌာန်းထားမှုမရှိသေးသဖြင့် လုပ်ငန်းစဉ်အား လျင်မြန်စွာ ပြောင်းလဲ ဆောင်ရွက်ရန် ဖြစ်တန်ချေမရှိကြောင်း၊ ၎င်းတို့အနေဖြင့် နည်းပညာပိုင်းအရ လိုက်ပါဆောင်ရွက်ရန်အသင့်ရှိသော်လည်း ကုန်ထုတ်လုပ်သူများ၏ အခန်းကဏ္ဍက ပိုမိုအဓိကကျလျက်ရှိကြောင်း၊ ကုန်ပစ္စည်းရောင်းချသူများမှာမူ ကုန်စည်အား ထုပ်ပိုး ထားရှိရာတွင် ပါရှိသည့်အချက်များကိုသာ E-commerce platform များပေါ်၌ ထပ်ဆင့်ဖော်ပြမှု ပြုနိုင်ကြောင်းနှင့် ယခုကဲ့သို့ ပြောင်းလဲဆောင်ရွက်မှုမှာ လုပ်ငန်းကြီးများအတွက် သက်ရောက်မှုနည်းပါးသော်လည်း အထူးသဖြင့် Covid-19 ကြောင့် ပုံမှန် ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချရမှု နည်းပါးနေချိန်၌ Online ပေါ်တွင် တစ်ပိုင်တစ်နိုင်ရောင်းချမှုပြုသည့် လုပ်ငန်းငယ်များမှာ အခက်အခဲများ ဖြစ်ပေါ်ဖွယ်ရှိကြောင်းဖြင့် ၎င်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် E-commerce လုပ်ငန်းများက ပြောဆိုကြ ပါသည်။

DPIIT ဌာနအနေဖြင့် ကုန်ပစ္စည်းထုတ်လုပ်သည့်ပင်ရင်းနိုင်ငံအား ဖော်ပြရမည့်နေ့ရက်ကို အတိအကျ သတ်မှတ်ခြင်း မပြုသေးပဲ လုပ်ငန်းရှင်များ၏တင်ပြချက်အရ တိကျစွာတိုင်းတာမှု လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်သည့် အိန္ဒိယ စားသုံးသူရေးရာ၊ အစားအစာနှင့်ပြည်သူ့ဖြန့်ဖြူးမှုရေးရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆွေးနွေးမည်ဖြစ်ကြောင်း၊ ပင်ရင်းနိုင်ငံ ဖော်ပြချက်အပြင် ကုန်စည်ထုပ်ပိုးမှု၌ ထုတ်လုပ်သည့်နေ့၊ သက်တမ်းကုန်ဆုံးမည့်နေ့၊ အရေအတွက်နှင့် ကုန်ထုတ်လုပ်သူ၏ အသေးစိတ်အချက်အလက်စသည့်ဖော်ပြချက်များအား ပြန်လည်သုံးသပ်ဖွယ်ရှိကြောင်း၊ အစိုးရအနေဖြင့် လုပ်ထုံးလုပ်နည်း အသစ်အား စတင်လိုက်နာဆောင်ရွက်ရမည့် နေ့ရက်အတိအကျကို မကြာမီဆက်လက်ထုတ်ပြန်သွားဖွယ်ရှိကြောင်းစသည်ဖြင့် ဌာနဆိုင်ရာ အရာရှိတစ်ဦးက ပြောကြားချက်ကို အိန္ဒိယသတင်းဌာနများက ဖော်ပြပါသည်။

အဆိုပါ အစည်းအဝေးသို့ အိန္ဒိယနိုင်ငံရှိ Amazon, Flipkart, Jio, Shoppers Stop, Croma, Snapdeal, Lenskart, Paytm, Grofers, Tata Cliq စသည့် အထင်ကရလုပ်ငန်းကြီးများအပါအဝင် E-commerce platform ကုမ္ပဏီပေါင်း ၃၀ မှ ကိုယ်စားလှယ်များပါဝင်တက်ရောက်ခဲ့ကြပါသည်။ လက်ရှိကာလတွင် Amazon နှင့် Flipkart အင်တာနက်စကြ်ာန်များတွင်

စာရင်းတင်ရောင်းချလျက်ရှိသည့် ကုန်စည်အမျိုးအမည်ပေါင်းမှာ သန်း ၃၀၀ ခန့်ရှိကြောင်း ၎င်းလုပ်ငန်းအသိုင်းအဝန်းမှ ပြောဆိုမှုများအရ သိရှိရပါသည်။

Source: 1. Display country of origin by August 1, Govt tells ecommerce companies, 9 Jul 2020, Economic Times

2. Govt proposes two dates for e-commerce cos on displaying country of origin, 8 Jul 2020, Business Standard

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

## ကုန်စည်အညွှန်းဆိုင်ရာ သတ်မှတ်ချက်များအား တိကျစွာလိုက်နာရန် အိန္ဒိယစားသုံးသူရေးရာဝန်ကြီးက ပြောကြားခြင်း

အိန္ဒိယစက်မှုလုပ်ငန်းမြှင့်တင်ရေးနှင့် ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာန (DPIIT) နှင့် တွေ့ဆုံဆွေးနွေးရာတွင် E-commerce လုပ်ငန်းရှင်များက ကုန်စည်များအား အင်တာနက်စကြ်ာန်များ မှ ရောင်းချရာ၌ ပင်ရင်းနိုင်ငံဖော်ပြရန် တိကျစွာ တိုင်းတာမှု (Legal Metrology) လုပ်ထုံးလုပ်နည်း သတ်မှတ်ထားမှုမရှိသေးကြောင်း ပြောဆိုကြမှုအပေါ် အိန္ဒိယ စားသုံးသူရေးရာ၊ အစားအစာနှင့်ပြည်သူ့ဖြန့်ဖြူးမှုရေးရာ ဝန်ကြီး Mr. Ram Vilas Paswan က ၂၀၁၇ ခုနှစ်၌ ပြင်ဆင် ပြဋ္ဌာန်းခဲ့သော ထုပ်ပိုးကုန်စည်များအတွက် တိကျစွာတိုင်းတာမှု နည်းဥပဒေများပြင်ဆင်ချက်အရ ကုန်ထုတ်လုပ်သူများ၊ သွင်းကုန် လုပ်ငန်းရှင်များ၊ ကုန်စည်ထုပ်ပိုးသူများနှင့် E-Commerce လုပ်ကိုင်သူများအားလုံးသည် ကုန်စည်၏ ပင်ရင်း နိုင်ငံအားဖော်ပြရမည်ဖြစ်ကြောင်း ၉.၇.၂၀၂၀ နေ့၌ တုန့်ပြန်ပြောကြားလိုက်ပါသည်။

အဆိုပါ ၂၀၁၇ ခုနှစ် တိကျစွာတိုင်းတာမှုနည်းဥပဒေများ ပြင်ဆင်ချက်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်စေရေး တင်းကျပ်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ဖောက်ဖျက်ကျူးလွန်မှုများအား ထိရောက်စွာ အရေးယူရန် ပြည်နယ်အစိုးရများသို့ ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ ပြည်တွင်းရှိကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့်လည်း သတ်မှတ်စည်းကမ်းချက်များအား တိကျစွာလိုက်နာဆောင်ရွက်ရန် ထပ်လောင်းပြောကြားလိုကြောင်း၊ ကုန်ပစ္စည်းများအား Online မှဖြစ်စေ၊ သမားရိုးကျဈေးဆိုင်များဖြင့်ဖြစ်စေ ရောင်းချရာ၌ အမြင့်ဆုံးလက်လီဈေးနှုန်း (Maximum Retail Price – MRP)၊ ထုတ်လုပ်သည့်ရက်၊ သက်တမ်းကုန်ဆုံးရက်၊ အသားတင်ပါဝင်သည့် ပမာဏအရေအတွက်နှင့် စားသုံးသူများအတွက် သတိပြုရမည့်အချက်များအား ဖော်ပြသကဲ့သို့ ပင်ရင်းနိုင်ငံဖော်ပြချက်သည်လည်း ပါဝင်ရမည်ဖြစ်ကြောင်း၊ သက်တမ်း ကုန်ဆုံးရက်ကဲ့သို့သော ဖော်ပြချက်သည် စားသုံးသူများအတွက် လွန်စွာအရေးကြီးသော်လည်း ကုမ္ပဏီများစွာက ၆ လမတိုင်မီ အကောင်းဆုံးဖြစ်သည် (Best before six months) ဟူသော တိကျသေချာမှုမရှိသည့် အသုံးအနှုန်းများဖြင့်ဖော်ပြလျက်ရှိပြီး ထုတ်ပြန်ထားသည့်နည်းဥပဒေများနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့မြင်နေရကြောင်း၊ ၎င်းတို့ဝန်ကြီးဌာနအနေဖြင့် ဤအလေ့ အထကို ပပျောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မည်သည့်ထုတ်ကုန်ကိုမျှ ပင်ရင်းနိုင်ငံအပေါ်အခြေပြု၍ တားဆီးပိတ်ပင်နေခြင်းမဟုတ်ပဲ စားသုံးသူများ၏ ရွေးချယ်ပိုင်ခွင့်ကိုရရှိစေရေး ဆောင်ရွက်ခြင်းသာဖြစ်ကြောင်းစသည်ဖြင့် ဝန်ကြီး Mr. Ram Vilas Paswan က ပြောဆိုခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ ဝန်ကြီးဌာနမှ အတွင်းဝန် Ms. Leena Nandan ကလည်း ကုမ္ပဏီအများစုသည် သမားရိုးကျ ဈေးအရောင်းဆိုင် များဖြင့် ကုန်ပစ္စည်းများရောင်းချရာတွင် ကုန်အညွှန်းအမှတ်အသားဆိုင်ရာ တိကျစွာတိုင်းတာမှု နည်းဥပဒေသတ်မှတ်ချက်များ ကို လိုက်နာဆောင်ရွက်မှုရှိသော်လည်း Online မှ ရောင်းချမှုလုပ်ကိုင်သည့် E-Commerce စကြ်ာန်များသည် ကုန်စည်၏ ပင်ရင်းနိုင်ငံအား သိသာထင်ရှားစွာ ဖော်ပြမှုမရှိသည်ကို မြင်တွေ့ရကြောင်း၊ သို့ဖြစ်ရာ ၎င်းတို့ဝန်ကြီးဌာနသည် ညွှန်ကြားချက် များအားလိုက်နာစေရေး ကြပ်မတ်ဆောင်ရွက်နိုင်ရန်အတွက် E-Commerce လုပ်ငန်းများအား မှတ်ပုံတင်ဆောင်ရွက်သည့် အိန္ဒိယစက်မှုလုပ်ငန်းမြှင့်တင်ရေးနှင့် ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ စားသုံး သူများအား အကာအကွယ်ပေးနိုင်ရန် စားသုံးသူရေးရာဦးစီးဌာန၏ တွဲဖက်အတွင်းဝန်က ဝန်ရှင်တော် မင်းကြီးအဖြစ် ဦးဆောင် လျက် အိန္ဒိယစံချိန်စံညွှန်းဗျူရို၏ ညွှန်ကြားရေးမှူးချုပ်က စုံစမ်းစစ်ဆေးရေးအရာရှိအဖြစ်ပါဝင်သည့် စားသုံးသူကာကွယ်ရေး ဗဟိုအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း ပြောဆိုပါသည်။

အိန္ဒိယနိုင်ငံ၏ ၂၀၁၇ ခုနှစ် တိကျစွာတိုင်းတာမှုနည်းဥပဒေများ ပြင်ဆင်ချက်ပါ ပြဋ္ဌာန်း ချက်များအရ ကုန်ပစ္စည်းများအား ထုပ်ပိုးရောင်းချရာတွင် ပင်ရင်းနိုင်ငံဖော်ပြချက်အပါအဝင် ကုန်စည်၏ ထုတ်လုပ်မှုဆိုင်ရာ အချက်အလက်များကို ထုပ်ပိုးသည့်ဘူးခွံ သို့မဟုတ် အိတ်ခွံ၏ ၄၀%ရှိရမည်ဖြစ်ပါသည်။ အဆိုပါနည်းဥပဒေပါ ပြဋ္ဌာန်းချက်များအား ဖောက်ဖျက်ကျူးလွန်ပါက ပထမအကြိမ်ဒဏ်ငွေ ရူပီးငွေ ၂၅၀၀၀ မှ အကြိမ်ကြိမ်ကျူးလွန်မှုအတွက် ရူပီးငွေ ၁၅၀၀၀၀ အထိ သို့မဟုတ် ထောင်ဒဏ်၊ သို့မဟုတ် ပြစ်ဒဏ် ၂ ရပ်လုံးကို ချမှတ်ခံရနိုင်ကြောင်းသိရှိရပါသည်။

Source: 1. Companies and e–commerce players need to display 'country of origin' on products, 9 Jul 2020, Economic Times

2. Consumer Affairs Min orders Cos to strictly follow labelling norms, 9 Jul 2020, Economic Times

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

## STOCK EXCHANGE (16.7.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 16th Jul. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 10,500 | 10,500 | 10,500 | 46 | 483,000 | 27,112,747 | 284,684 |
| MTSH | 00002 | 3,800 | +0 | +0.00% | 3,800 | 3,850 | 3,800 | 2,275 | 8,645,050 | 38,929,150 | 147,931 |
| MCB | 00003 | 8,100 | +100 | +1.25% | 8,100 | 8,100 | 8,100 | 4 | 32,400 | 10,400,986 | 84,248 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 2,442 | 53,724,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 0 | 0 | 12,823,224 | 35,264 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,650 | 18 | 48,350 | 19,977,223 | 53,939 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 443.86 | +0.70 | +0.16% | 443.86 | 445.17 | 443.86 | 4,785 | 62,932,800 | 6 | 660,451 |

**Index chart**



# Market Overview

As of 1:00 pm, 16th Jul. 2020

| MYANPIX | 443.86 ▲ 0.70 |
|---|---|
| Total Volume (shares) | 4,785 |
| Total Value (MMK) | 63 mil |
| Listed Company | 6 |
| Market Cap. (MMK) | 660,451 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,800 | ▲ 0 |
| MCB | 00003 | 8,100 | ▲ 100 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |

TIR